အခွံပါ၍စားနိုင်သည့် ရေသတ္တဝါ (Shellstock) ကတ်များကို သိမ်းဆည်းခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ဖိုင်တွဲထားခြင်း

ကမာကောင်များ၊ ယောက်သွားနှင့် ခုံးကောင်များအတွက် လမ်းညွှန်ချက်များ

အခွံပါ၍စားနိုင်သည့် ရေသတ္တဝါ ကတ်များက ထိုရေသတ္တဝါ မည်သည့်နေရာမှ လာသည်ကို ဖော်ပြသည်။ ကောင်းမွန်စွာ သိမ်းဆည်းထားသည့် မှတ်တမ်းများသည် ပြည်နယ်နှင့် ဒေသခံလုပ်ဖော်ကိုင်ဖက်များအား ညစ်ညမ်းသော အခွံပါ၍စားနိုင်သည့် ရေသတ္တဝါများ၏ အရင်းအမြစ်ကို ပြန်လည် ခြေရာခံနိုင်စေရန် ကူညီပေးပါသည်။ အကယ်၍ တစ်စုံတစ်ဦးသည် အခွံပါ၍စားနိုင်သည့် ရေသတ္တဝါကို စားပြီးနောက် ဖျားနာပါက သင်၏မှတ်တမ်းများသည် နောက်ထပ်လူများ ဖျားနာခြင်းမှ ကာကွယ်ရန် အထောက်အကူပြု နိုင်မည် ဖြစ်သည်။



မူရင်းကတ်ကို အခွံပါ၍စားနိုင်သော ရေသတ္တဝါ၏ မူရင်းအိတ် သို့မဟုတ် ထည့်သည့်ဘူးတွင် ပူးတွဲထားပါ။

သို့လှောင်မှုနှင့် ပြသမှုနှစ်ခုကြား မူရင်းအိတ် သို့မဟုတ် ထည့်သည့်ဘူးကို သင်ခွဲလိုက်မိပါက ဒုတိယကတ်တစ်ခု ပြုလုပ်ပါ။ အောက်ပါတို့ကို သင်လုပ်ဆောင်နိုင်သည်-

- ပစ္စည်းပေးသွင်းသူထံမှ ထပ် တူဒုတိယကတ်ကို အသုံးပြုပါ။
- ကတ်ကိုမိတ္တူကူးပြီး ပြသထားသော အခွံပါ၍စားနိုင်သည့် ရေသတ္တဝါနှင့်အတူ သိမ်းဆည်းပါ။

! မတူညီသောအိတ်များ သို့မဟုတ် ထည့်သည့်ဘူးများမှ ပင်လယ်စာများကို မည်သည့်အခါမှ မရောနှောပါနှင့်။



အခွံပါ၍စားနိုင်သည့် ရေသတ္တဝါများအား သင်ပထမဆုံး ရောင်းချသည့်နေ့ သို့မဟုတ် တည်ခင်းသည့်နေ့ကို မှတ်တမ်းတင်ပါ။ ထို့နောက် နောက်ဆုံးရောင်းချသည့်နေ့ သို့မဟုတ် နောက်ဆုံးတည်ခင်းသည့်နေ့ကိုလည်း မှတ်တမ်းတင်ပါ။

ဖျက်မရသည့်ဘောပင် သို့မဟုတ် ရေစိုခံဘောပင်ကို အသုံးပြုပါ။

- ရက်စွဲရေးရန် နေရာလွတ်မပေးထားပါက ရေသတ္တဝါ ကောက်သိမ်းခြင်းဆိုင်ရာ အချက်အလက်များကို မဖုံးကွယ်သရွေ့ ၎င်းကို ကတ်၏ မည်သည့်နေရာတွင်မဆို ထားနိုင်ပါသည်။



မူရင်းကတ်ကို ရက် ၉၀ ကြာ ဖိုင်တွဲထားပါ။

ဖိုင်ဘောက်စ် သို့မဟုတ် ဖိုင်တွဲချုပ်ထားခြင်း ကဲ့သို့ ကတ်များကို စုစည်းရန် စနစ်တစ်ခုကို အသုံးပြုပါ။

- အခွံပါ၍စားနိုင်သည့် ရေသတ္တဝါများကို နောက်ဆုံးရောင်းချခဲ့သည့်နေ့၊ တည်ခင်းခဲ့သည့်နေ့ သို့မဟုတ် စွန့်ပစ်ခဲ့သည့် နေ့စွဲအလိုက် ဖိုင်တွဲထားပါ။
- ကတ်ကို ရက် ၉၀ ကြာ သိမ်းဆည်းပါ။

စားသုံးသူတစ်ဦးဖျားနာပါက အစားအသောက်ဘေးကင်း ရေး စစ်ဆေးရေးမှူးများသည် ကတ်ပြားများကို စစ်ဆေးပါ သည်။ ပုံမှန်စစ်ဆေးမှုတစ်ခုပြုလုပ်စဉ်အတွင်း ၎င်းတို့သည် ကတ်ပြားများ၏သို့လှောင်မှုကိုလည်း စစ်ဆေးမည် ဖြစ်သည်။

Do it Right! Serve it Safe!